# နိုင်ငံချစ်သူတို့ အတုယူဘွယ်

**အယ်ဒီတာ (Rebound 88)**

ထိုင်းနိုင်ငံဝန်ကြီးချုပ် တပ်ဆင် ကဝန်ကြီးချုပ်ရာထူးကိုစွန့်လွှတ်လိုက်ပြီဆိုသောသတင်းကို မမျှော်လင့်ဘဲကြားလိုက်ရပေသည်။ ထိုင်းဘုရင်မင်းမြတ်နှင့်တွေ့ဆုံပြီး၊ ဘုရင်ကသူ့ကိုဘာတွေပြောလိုက်သည်ကို ကျွန်ုပ်တို့မသိရပါ။ သို့ပေမဲ့ "ကျွန်တော်တို့ရန်ဖြစ်နေဘို့အချိန်မရှိဘူး၊ ထိုင်းလူမျိုးတွေညီညွတ်ကြပါ၊ ကျွန်တော်တို့ရှေ့ဆက်ရမဲ့ခရီးကိုချီတက်ကြဘို့လိုပါတယ်" ဟု တပ်ဆင်ကပြောလိုက်ပါသည်။

အေပြီလ ၂ရက်နေ့ကကျင်းပခဲ့သောထိုင်းနိုင်ငံရွေးကောက်ပွဲတွင် ထိုင်းပြည်သူလူထု၏ မဲပေးသူ ၅၇ ရာခိုင်နှုန်းက သူ့ကိုထောက်ခံမဲပေးကြသည်ဟု ဆိုပါသည်။ အတိုက်အခံတွေ တောင်းဆိုသလို တပ်ဆင်အနေဖြင့်ရာထူးမှဆင်းပေးလိုက် ခြင်းဖြစ်ပါသည်။ ငါတို့ရန်မဖြစ်ကြရအောင် ရာထူးက ငါဖယ်ပေးပါမည်။ ငါတို့နိုင်ငံသား အချင်းချင်း ညီညွတ်ကြဘို့လိုပါတယ်ဟု ဆော်ဩလိုက်ခြင်းဖြစ်ပါသည်။ တနည်းဆိုသော် သူ၏ သဘောထား ကြီးရင့်မှုကိုပြသလိုက်ခြင်းလည်းဖြစ်ပါသည်။



မြန်မာစစ်ဗိုလ်ကြီးတွေက တပ်ဆင်ကို 'အ' ရန်ကောဟုအပစ်တင်ကြပါလိမ့်မည် ၊အာဏာကို မျက်စေ့ မှိတ်ဖက်တွယ်ထားကြသော ဗိုလ်သန်းရွှေခေါင်းဆောင်သည့် မြန်မာအာဏာသိမ်း စစ်ဗိုလ်များကတပ်ဆင်ကိုမလိုတမာ ပြောကြပါလိမ့်မည်။အိမ်နီးချင်း မြန်မာပြည်မှာ အာဏာရစ်မူး နေကြသောစစ်ဗိုလ်ချုပ်များ အတွက် တပ်ဆင်၏ လုပ်ရပ်မှာ နားမလည်နိုင်လောက်အောင် အမျှော်အမြင်ကြီးလှသော လုပ်ရပ်ကြီးတခုဖြစ်သည် ဟုကျွန်ုပ်တို့ကထောက်ပြ လိုပါသည်။ လမ်းပေါ်ထွက်ပြီး ဆန္ဒပြကြသူတွေကျေနပ်အောင် တိုင်းသူ ပြည်သားဝန်ထမ်းတွေ အလုပ်အကိုင် မပျက်ရအောင် ဝန်ကြီးချုပ်နေရာကိုသူမယူ တော့ပါဘူး ဟုပြောခြင်းဖြစ်ပါသည်။ မြန်မာစစ်ဗိုလ်တွေလို ကျောင်းတွေပိတ်၊ စစ်တပ်ကျောင်းတွေထောင်၊ ပြည်သူတွေကို ထောင်ချနှိပ်စက်၊ အတိုက်အခံတွေကို ချောင်းမြောင်းရိုက်သတ်ဖြတ်ခြင်းမပြုသည်မှာ တပ်ဆင်၏ အမျှော်အမြင်ကြီးမှု ခေါင်းဆောင်ပီသမှု ဟုဆိုရပါလိမ့်မည်။ စီးပွားရေးသမား နိုင်ငံရေးသမားတပ်ဆင်၏လုပ်ရပ်ကိုကျွန်ုပ်တို့ကချီးကျူးထောပနာပြုလိုလှပါသည်။

မြန်မာစစ်အစိုးရအပေါ် သူ့စီးပွားရေး အကွက်အကွင်းကိုကြည့်၍ လိုက်လိုက်ရောရောဆက်ဆံမှု များကြောင့် တပ်ဆင်အပေါ် ကျွန်တော်တို့ခွင့်မလွှတ် နိုင်ခဲ့ကြသော်လည်း ယခုလို ယောကျ်ားကောင်းပီသစွာ နိုင်ငံအတွက် မိမိကိုယ်ကျိုးကို မငဲ့ကွက်ဘဲ ရာထူးမှဆင်းပေးလိုက်ခြင်းအတွက်ကျေးဇူးတင်မိပါသည်။ ယောကျ်ားကောင်းတွေ ကမ္ဘာမှာရှိသေးရဲ့ဟုအားတက်မိပါသည်။

**ငါတို့ရန်မဖြစ်ကြရအောင်ရာထူးက ငါဖယ်ပေးပါမည်။ ငါတို့နိုင်ငံသား အချင်းချင်းညီညွတ် ကြဘို့လိုပါတယ်ဟု ဆော်ဩလိုက်ခြင်းဖြစ်ပါသည်။**

မြန်မာပြည်မှာသည်လိုလုပ်ရပ်တွေကို အရူးတွေသာလုပ်ကြသည်ဟု စစ်ဗိုလ်တွေကယူဆဟန်ရှိပါသည်။ နိုင်ငံကောင်းစားရေးကို မိမိကိုယ်ကျိုးထက်ပို၍ ဦးစားပေးသောနိုင်ငံတွေမှာ သဘောထားကြီးမားမှုများကို အမြဲလိုလိုတွေ့ကြရသော်လည်း ရက်စက်ကြမ်းကြုပ်သော စစ်ဗိုလ်တွေကြီးစိုးသည့် ကျွန်တော်တို့နိုင်ငံမှာ ဤလို ဖြစ်ရပ်တွေကိုမတွေ့မိကြရပါ။ သို့ပါ၍ တပ်ဆင် က လူကြီးလူကောင်းပီသစွာ နှုတ်ထွက်သွားခြင်းအပေါ် မြန်မာစစ်ဗိုလ်ကြီး တွေ သခ်ၤမ်းစာယူနိုင်ကြပါစေဟု ဆုတောင်းမိပါသည်။

စစ်ဗိုလ်တွေအဖို့နိုင်ငံကိုကောင်းကောင်းမွန်မွန် အုပ်ချုပ်နိုင်သည့် အရည်အချင်းကလည်းမရှိ လူမျိုးနှင့် ပြည်သူအပေါ် ထားအပ်သော စေတနာကောင်းကလည်းမရှိခေါင်းပါးနေသေးရာ တိုင်းပြည်မှာ နစ်သထက်နစ်ဖြစ်နေရပေသည်။တိုင်းပြည်ကြီး စုတ်ပြတ်မွဲတေနေရသည်ကို နိုင်ငံဆင်းရဲရသည်မှာ နိုင်ငံခြားသားပရောဂ တွေကြောင့်ဟုသူတို့ကလွှဲချနေကြတုန်း ဖြစ်ပါသည်။

မိမိ နှင့်ဆွေမျိုးတစု ကောင်းစားရေး လောဘကိုရှေ့ တန်းတင်ပြီး မိုက်တွင်းနက်နေကြ သောစစ်ဗိုလ် တွေကို တပ်ဆင် ကတိုင်းပြည် ကိုချစ်ရင် ဒီလိုလုပ်ရတယ်ဟု လက်တွေ့ပြလိုက်ခြင်း ဖြစ်ပါသည်။ စစ်ဗိုလ်ကြီးများက ဘယ်သူသေသေ ငတေမာပြီး စတမ်း စိတ်ဖြင့် အာဏာကိုလုယူထား လိုက်ကြသည် မှာနှစ် ၄၀ ကျော်လာပါပြီ။ တိုင်းပြည်ကြီးကားနစ်နာ၍ ကောင်း တုန်း ဖွတ်သထက်ညစ်တုန်း ရှိပါသေးသည်။

ယိုးဒယားဆိုသည်မှာဝေးသောနိုင်ငံမဟုတ်ပါ။ နိုင်ငံ ယဉ်ကျေးမှုချင်းကလည်းလွန်စွာနီးစပ်ပါသည်။ ယိုးဒယားမှာ လူအများ အတုယူဘွယ် ဖြစ်ရပ်တွေ ပေါ်ပေါက်နေပါလျက် ကျွန်တော်တို့နိုင်ငံ မှာ အဘယ့်ကြောင့် လူဆိုးလူမိုက် တွေ စင်ပေါ်ရောက်ပြီး ဗိုလ်ကျနေနိုင် ကြပါသနည်း။ ကျွန်တော်တို့သည် စစ်ဗိုလ်တွေ၏ဗိုလ်ကျမိုက်ကြေးခွဲတာတွေကို ချည့်တွေ့မြင်ဖန်များလာသောအခါ နိုင်ငံရေးဆိုတာ လက်နက်ပြပြီး အနိုင်ကျင့်တာ ဟူ၍သာသဘောပိုက်မိကြရ ပါသည်။ အာဏာသိမ်းတယ်ဟု ဆိုပြီး ရွေးကောက်တင်မြှောက်ထားသောအစိုးရတဖွဲ့လုံးကို ဖမ်းဆီး ထောင်ချ ပစ်သည့် ၁၉၆၂ ခုနှစ်ကစတင်၍ နိုင်ငံကောင်းစားရေး ကိုဘေးချိတ်ပြီး မိမိမိန်းမနှင့်ဆွေမျိုးတစု ကောင်းစားရေးကို သာဦးစားပေး လုပ်နေကြသော စစ်ဗိုလ်ကြီးများကို တပ်ဆင် ၏အနစ်နာခံသောစိတ်ဓါတ်ကိုအတုယူမိကြစေလိုပါသည်။

**ယနေ့တပ်ချုပ်ကြီး၏ဇာတ်လမ်းမှာ လည်းသတိတရားမရှိ ဆကိလက်မိုက်မဲ ပြီးမိမိ လောဘကို မထိမ်းသိမ်းနိုင်ပါက သူ၏ရှေ့တော်သွားများနည်းတူ**

စစ်အစိုးရမှာ စိတ်ရောဂါ complexes ၂ခုရှိပါသည်။ တခုမှာ အမေရိကန်စစ်တပ်က သူတို့ကိုလာပြီးတိုက်လိမ့်မယ် ဟူသော အစွဲနှင့်တိုင်းပြည်မှာ ၁၉၈၈ ခုနှစ်ကလိုပြည်သူတွေကသူတို့ဆန္ဒ ကို ထုတ်ဖေါ်ပြသတဲ့ အရေးအခင်းကြီးဖြစ်လိမ့်ဦးမယ် ဆိုသော စွဲလန်းနေချက် ဖြစ်ပါသည်။ နှစ်ခုစလုံးမှာ တိုင်းပြည်၏ အာဏာ ကို မတရားလုယူထားခြင်း၏ အကျိုး ဆက်များ ဖြစ်ပါသည်။ မြို့တော်ကို ပျဉ်းမနားသို့ ရွှေ့သွားခြင်းမှာ အရေးအခင်းကြီး ဖြစ်လျှင် အစိုးရ ယန္တရားကို မထိခိုက်အောင် အဝေးကြီးကို နေရာရွှေ့သွားခြင်းဖြစ်ပါသည်။ မည်သို့ပင် လုပ်ချင်ရာလုပ်ထား ပါစေ၊ ပြည်သူလူထုက မကြည်ညိုသော အစိုးရမှာ အဖြစ်ဆိုး တွေကြုံပြီး ပြိုကွဲကြရ မှာသေချာ လှပါသည်။ ဗိုလ်နေဝင်းကစပြီး တင်ဦး၊ ထွန်းကြည်၊သိန်းဝင်း၊တင်လှ၊ ကျော်ဘာ၊ စသည်ဖြင့် ဗိုလ်ခင်ညွန့် အဆုံး တိုင်းပြည်၏ ဂုတ်သွေးကို ဖေါက်၍ စုပ်ဝန့်သူတို့မှာ သူတို့၏မကောင်း သောဇာတ်ကိုမိမိဖါသာသိမ်းကြရပါသည်။

ယနေ့တပ်ချုပ်ကြီး၏ ဇာတ်လမ်းမှာ လည်းသတိတရားမရှိ ဆကိလက် မိုက်မဲပြီးမိမိလောဘကို မထိမ်းသိမ်းနိုင်ပါက သူ၏ရှေ့တော်သွား များနည်းတူ ဇာတ်သိမ်းကောင်းရန် အကြောင်းမရှိ လှပေ။ တပ်ချုပ်ကြီးဗိုလ်သန်းရွှေနှင့်အဖွဲ့ကို တပ်ဆင်ကအချိန်မီ သတိတရားလေးများရနိုင်ကြရန် အသုံးတော်ခံပြနေသည်ဟု ကျွန်ုပ်တို့ကထောက်ပြလိုပေသည်။